Message Twelve

## ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင် - ဝှက်ထားသော ဘုရားသခင်

ဖတ်ရန်ကျမ်း။ ။ ဟေရှာ၊၄၅း၁၅။ ဧ၊၃း၁၆-၁၇။ ဖိ၊၂း၁၃။ လု၊၁၈း၁-၈

I. **"အမှန်စင်စစ် ကိုယ်တော်သည် ကိုယ်ကိုထင်ရှားစွာ ပြတော်မမူသော ဘုရားသခင် ဖြစ်တော်မူ၏၊ / အို အစ္စရေး၏ ဘုရားသခင် ကယ်တင်ရှင်" - ဟေရှာ၊၄၅း၁၅။**

A. ဘုရားသခင်၏သားသမီးများက သမ္မာကျမ်းစာတွင် ဘုရားသခင်ကို ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင်အဖြစ် သိကျွမ်းသူ နည်းပါးလှသည် - အငယ်၊၁၅။

1. ဤသည်မှာ ဘုရားသခင်၏သားသမီးများသည် ဘုရားသခင်အား ကိုယ်ကိုထင်ရှားစွာပြတော်မမူသောအရှင်အဖြစ် လုံလောက်စွာ သိကျွမ်းမှု မရှိကြောင်း သက်သေပြနေသည်။
2. ကျွန်ုပ်တို့က ဘုရားသခင်ကို အနန္တတန်ခိုးရှိဘုရားသခင်၊ ဖြောင့်မတ်သောဘုရားသခင်၊ ကျေးဇူးတော်နှင့် မေတ္တာကရုဏာပြည့်ဝသော ဘုရားသခင်အဖြစ် သိကြပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့က ဘုရားသခင်အား ကိုယ်ကိုထင်ရှားစွာပြတော်မမူသောဘုရားသခင်အဖြစ် သိခြင်းမရှိဘဲဖြစ်လိမ့်မည် - လု၊၁း၄၉။ ၁ပေ၊၅း၆။ ဗျာ၊၁၅း၃။ ၂၁း၇။ ဆာ၊၁၇း၇။

B. ကျွန်ုပ်တို့၏ဘုရားသခင်သည် အနန္တတန်ခိုးရှင်၊ နေရာတိုင်းမှာရှိသောအရှင်၊ ခွင့်လွှတ်ခြင်းနှင့်ပြည့်ဝသောအရှင် ဖြစ်သော်လည်း၊ ဧသတာစာစောင်က ညွှန်ပြခဲ့သည့်အတိုင်း ကိုယ်တော်သည် ဝှက်ထားသောဘုရားသခင်လည်း ဖြစ်တော်မူသည် - ၄း၁၄။

C. ဘုရားသခင်သည် စကြဝဠာကို ဖန်ဆင်းခဲ့ပြီး၊ ၎င်းအတွင်း၌ မိမိကိုယ်ကို ဝှက်ထားတော်မူခဲ့ကာ၊ ကျွန်ုပ်တို့က ကိုယ်တော်ကို မည်သည့်နေရာတွင် ရှာတွေ့ရမည်ကို မသိသည့်တိုင် ဖြစ်သည် - ယော၊၂၃း၃။

D. ဘုရားသခင်သည် အစ္စရေးအမျိုးသားများအလယ်တွင် မရေတွက်နိုင်လောက်အောင် အရာများစွာကို ပြုပေးခဲ့ပြီး၊ သူတို့တစ်ဦးချင်းအသက်တာများ၌ မရေတွက်နိုင်အောင် အရာများစွာ ပြုပေးခဲ့သည်၊ သို့သော် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ဝှက်ထားဆဲဖြစ်သည်။ ကိုယ်တော်သည် မရပ်မနား အလုပ်လုပ်နေသည်၊ သို့သော် ကိုယ်တော်သည် အမြဲပင် ဝှက်ထားလျက်ရှိတော်မူသည် - ဟေရှာ၊၄၅း၁၅။

E. ကျွန်ုပ်တို့အစေခံနေသော အနန္တတန်ခိုးရှင် ဘုရားသခင်သည် ကိုယ်ကိုဝှက်ထားနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် ကျွန်ုပ်တို့ကို ကူညီမစချိန်၌ ဝှက်ထားလျက်ရှိတော်မူကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည် - ယော၊၁၄း၂၆။ ရော၊၈း၂၈။

1. ကျွန်ုပ်တို့က ကိုယ်တော်ကို မမြင်နိုင်ပါ၊ အပြင်ပန်းအားဖြင့် ကိုယ်တော်သည် ဘာမျှ မလုပ်သကဲ့သို့ ထင်ရသည်။
2. အမှန်မှာ ဝှက်ထားသောနည်းလမ်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အရာများစွာကို ပြုပေးခဲ့ကာ၊ အတွင်းလူအထဲသို့ ကိုယ်တော်၏ဝိညာဉ်တော်မှတစ်ဆင့် တန်ခိုးဖြင့် ကျွန်ုပ်တို့ကို ခွန်အားခိုင်ခံစေနေသည်၊ ထိုသို့ဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်နိုင်မည်ဖြစ်သည် - အငယ်၊၂၈၊ ၃၄။ သေ၊၄း၁၄။ ဖိ၊၂း၁၃။ ဖိ၊၃း၁၆-၁၇က။

F. ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်း၌ တိတ်ဆိတ်စွာ၊ သို့သော် တန်ခိုးကြီးမားစွာ ပြုပြင်လုပ်ဆောင်နေသည် - ဖိ၊၂း၁၃။

1. ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့အတွင်းနက်နဲရှိ အတွင်းအာရုံခံစားမှုသို့ တုန့်ပြန်ခြင်းအားဖြင့် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်သည် - ရော၊၈း၆။
2. ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်သည် အသက်ရှင်ခြင်းနှင့် ပြုမူခြင်းရှိကြောင်း အာရုံခံစားရသည့်အခါတိုင်း ကျွန်ုပ်တို့သည် အာမင်ထူးရမည်၊ အကြောင်းမှာ ထိုနေရာတွင် ကျွန်ုပ်တို့ဖြစ်ခြင်း နက်နဲရာ၌ ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင်သည် လျှို့ဝှက်စွာဖြင့် မရပ်မနား အလုပ်လုပ်နေသောကြောင့် ဖြစ်သည်။

G. ကျွန်ုပ်တို့သည် ကျမ်းစာကို ဂရုတစိုက်ဖတ်ရှုလေ့လာမည်ဆိုလျှင်၊ ဘုရားသခင်သည် ဝင့်ကြွားခြင်းကို မနှစ်သက်သော ပင်ကိုစရိုက်မျိုး ရှိတော်မူကြောင်း ကျွန်ုပ်တို့တွေ့ရလိမ့်မည်။ ကိုယ်တော်သည် ပွင့်လင်းစွာလုပ်ဆောင်ခြင်းထက်၊ လျှို့ဝှက်စွာ အလုပ်လုပ်ရန် နှစ်သက်တော်မူသည် - မ၊၆း၁-၈။

H. ကျွန်ုပ်တို့၏ပင်ကိုစိတ်သည် ဘုရားသခင်၏ပင်ကိုစိတ်၊ မိမိကိုယ်ကိုဝှက်ထားသောပင်ကိုစိတ်နှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သည် - ဟေရှာ၊၄၅း၁၅။

1. ဘုရားသခင်သည် ဝှက်ထားခြင်းကို နှစ်သက်တော်မူသည်၊ ကျွန်ုပ်တို့သည် ပြသခြင်းကို နှစ်သက်သည် - မ၊၆း၁။
2. ဘုရားသခင်သည် အပြင်ပိုင်း ထင်ရှားခြင်းကို မက်မောတောင့်တခြင်းမရှိ၊ ကျွန်ုပ်တို့သည် ထင်ရှားခြင်းမပါဘဲ ကျေနပ်ရောင့်ရဲနိုင်ခြင်း မရှိကြပေ - အဝေယ်၊၂။
3. ဤဘုရားဆိုင်ရာပင်ကိုစိတ်သည် ကျွန်ုပ်တို့အဖို့ ကြီးစွာသော ဘေးဒုက္ခနှင့် စမ်းသပ်ခြင်းကို ဖြစ်စေသည်။

**II. သေတာစာစောင်က အစ္စရေးအမျိုး၏ ဝှက်ထားသောဘုရားသခင်သည် ဖိနှိပ်ခံရသော ကိုယ်တော်၏ ရွေးချယ်ခံသူတို့အား သူတို့၏ ကွဲလွင့်ပျံ့နှံ့သွားခြင်း၌ လျှို့ဝှက်စွာ မည်သို့ဂရုစိုက်၍၊ သူတို့၏ဖမ်းဆီးသိမ်းသွားခံရခြင်း၌ ညှဉ်းပန်းနှိပ်စက်ခံရသည့် ကိုယ်တော်၏ရွေးချယ်ခံတို့အား ပွင့်လင်းစွာ မည်သို့ကယ်တင်ခဲ့ကြောင်း ကွက်ကွက်ကွင်းကွင်း မှတ်တမ်းတင်ထားသည် - ၁း၁-၂၂။ ၂း၁-၂၃။**

A. ဤစာစောင်၏အရေးပါသောအချက်မှာ ကိုယ်တော်၏ရွေးကောက်ခံများအဖြစ် အာဗြဟံမှဆင်းသက်သည့် အစ္စရေးအမျိုးကို ရွေးချယ်တော်မူသော ဘုရားသခင်သည် သူတို့အား တစ်ပါးအမျိုးသားတို့လက်သို့ ဖမ်းဆီးခံစေရန် ပေးအပ်တော်မူပြီးနောက်၊ သူတို့အား လျှို့ဝှက်စွာ ဂရုစိုက်ရန်နှင့် မထင်မရှား လှုပ်ရှားခြင်းအားဖြင့် ထင်ရှားစွာ ကယ်တင်ရန် သူတို့အတွက် ဝှက်ထားသော ဘုရားသခင်ဖြစ်လာခဲ့ခြင်းပင် ဖြစ်သည် - ဟေရှာ၊၄၅း၁၅။

1. ဤအကြောင်းကြောင့်ပင် သေတာစာစောင်၌ ဘုရားသခင်၏ နာမတော်ကို ဖော်ပြသင့်သော နေရာများ၌ပင် ဘုရားသခင်၏နာမတော်ကို ဖော်ပြမထားရခြင်းအကြောင်း ဖြစ်သည် - ၄း၃၊ ၁၆။
2. တစ်ဖက်တွင်၊ ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့ကို ကိုယ်တော်၏လူမျိုးတော်အား အပြစ်ပေးဆုံးမရန် တန်ဆာပလာအဖြစ် အသုံးပြုခဲ့သည်။ အခြားတစ်ဖက်တွင်၊ ဝှက်ထားသောဘုရားသခင်သည် အစ္စရေးလူများနှင့်အတူ ရှိနေပြီး သူတို့အတွက် ဂရုစိုက်ပေးခဲ့သည်။

B. ဝှက်ထားသောဘုရားသခင်သည် အစ္စရေးလူတို့အတွက် များစွာသောအရာတို့ကို လျှို့ဝှက်သောနည်းလမ်း၌ပြုပေးခဲ့သည်။

1. ဝှက်ထားသောဘုရားသခင်သည် တစ်ပါးအမျိုးသားကမ္ဘာ၌ အိန္ဒိယပြည်မှ အီသီယိုးပီးယားပြည်တိုင်အောင် ကျယ်ပြန့်သော ကြီးမားသည့်အင်ပါယာအပေါ် တန်ခိုးကြီးမားသည့် ထိပ်ဆုံးရှင်ဘုရင်ကို တည်စေခဲ့သည် - ၁း၁-၂။
2. ဝှက်ထားသောဘုရားသခင်က ထိပ်ဆုံးသောရှင်ဘုရင်အား သူ၏မိဖုရားကို သူ၏စကား နာခံမှုမရှိခြင်းကြောင့် နန်းချလိုက်ရန် ဖြစ်ပေါ်စေခဲ့သည် - အဝေယ်၊၃-၂၂။
3. ဝှက်ထားသောဘုရားသခင်က လျှို့ဝှက်စွာ ဂရုစိုက်ခြင်း၌ ဂျူးလူမျိုး မိဘမဲ့အပျိုကညာဖြစ်သည့် သေတာကို နိုးထထွက်ပေါ်စေကာ၊ ထိပ်ဆုံးသောရှင်ဘုရင်က သူ၏မိဖုရားအဖြစ် နန်းတင်ခြင်းခံရန် ဖြစ်စေခဲ့သည် - ၂း၁-၁၈။

C. ဖမ်းဆီးသိမ်းသွားခံရသော နှစ်များအတွင်း ဘုရားသခင်သည် ဝှက်ထားလျက်ရှိနေပြီး၊ ဆက်လက်၍ ဝှက်ထားခြင်းရှိနေခဲ့သည်။ ယနေ့ အသင်းတော်ခေတ်၌ပင်လျှင် ဘုရားသခင်သည် မိမိကိုယ်ကို ဝှက်ထားလျက်ရှိနေဆဲ ဖြစ်သည် - ဟေရှာ၊ ၄၅း၁၅။

**III. လုကာ ၁၈း၁-၈ ရှိ ပုံဥပမာ၏ ပုံဆောင်ချက်မှာ အလွန်လေးနက်လှပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်အား ဖွင့်ပြသောအရှင်အဖြစ်လည်းကောင်း၊ ဝှက်ထားသောဘုရားသခင်အဖြစ်လည်းကောင်း သိရှိရန် လိုအပ်သည်။**

A. အပိုဒ်ငယ် ၃ ရှိ မုဆိုးမသည် ယုံကြည်သူများကို ပုံဆောင်သည်။ ဆိုလိုသည်မှာ ခရစ်တော်၌ ယုံကြည်သူများသည် မျက်မှောက်ခေတ်၌ မုဆိုးမ ဖြစ်ကြသည်၊ အကြောင်းမှာ သူတို့၏ခင်ပွန်း ခရစ်တော်သည် အပြင်ပန်း၌ သူတို့ထံမှာ မရှိသောကြောင့် ဖြစ်သည် - ၂ကော၊၁၁း၂။

B. ပုံဥပမာရှိ မုဆိုးမကဲ့သို့ပင် (လု၊၁၈း၃) ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့တွင် နတ်ဆိုးစာတန်တည်းဟူသော ရန်သူရှိကြပြီး၊ သူနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လက်စားချေခြင်း လိုအပ်သည်။
   1. ဤပုံဥပမာက သခင်ဘုရား မရှိစဉ်ကာလအတွင်း ကျွန်ုပ်တို့၏ရန်သူထံမှ ကျွန်ုပ်တို့ခံရသည့် ဒုက္ခဆင်းရဲကို ရည်ညွှန်းသည်။
   2. ကိုယ်တော် မရှိစဉ်ကာလအတွင်း ကျွန်ုပ်တို့သည် ရန်သူက တစ်ချိန်လုံး ဒုက္ခပြဿနာပေးခြင်း ခံရသည့် မုဆိုးမ ဖြစ်ကြသည်။
C. ကျွန်ုပ်တို့၏ ရန်ဘက်က ကျွန်ုပ်တို့ကို ညှဉ်းပန်းနှိပ်စက်လျက်နေစဉ်၊ ကျွန်ုပ်တို့၏ ဘုရားသခင်သည် ဖြောင့်မတ်ခြင်း မရှိသကဲ့သို့ထင်ရသည်၊ အကြောင်းမှာ ကိုယ်တော်၏သားသမီးများအား မဖြောင့်မတ်စွာ ညှဉ်းပန်းနှိပ်စက်ခံရန် ခွင့်ပြုထားသောကြောင့်ဖြစ်သည် - ၁ပေ၊၂း၂၀။ ၃း၁၄၊ ၁၇။ ၄း၁၃-၁၆၊ ၁၉။
   1. ရာစုနှစ်များတစ်လျှောက်တွင် ထောင်သောင်းများစွာသော သခင်ယေရှု၏ ရိုးသားသည့်၊သစ္စာရှိသည့် နောက်လိုက်များသည် မဖြောင့်မတ်သော ညှဉ်းပန်းနှိပ်စက်မှုများကို ခံစားခဲ့ကြရသည်။ ယနေ့ပင်လျှင် များစွာတို့သည် မဖြောင့်မတ်စွာ ပြုမူဆက်ဆံခံရလျက် ရှိနေကြသည် - ဗျာ၊၂း၈-၁၀။
   2. ကျွန်ုပ်တို့၏ဘုရားသခင်သည် မတရားသကဲ့သို့ ထင်ရသည်၊ အကြောင်းမှာ ကိုယ်တော်သည် လာ၍ တရားစီရင်ခြင်း၊ သက်သေထူပေးခြင်းမရှိသောကြောင့် ဖြစ်သည်။ ဤအခြေအနေအကြောင်းကြောင့် သခင်ယေရှုသည် မတရားသော တရားသူကြီးအား ဘုရားသခင်ကို ပုံဆောင်ရန် အသုံးပြုခဲ့သည်၊ သူသည် ကိုယ်တော်၏ ညှဉ်းပန်းနှိပ်စက်ခံရသည့်လူများကိုယ်စား ဘာကိုမျှ မလုပ်ပေးသကဲ့သို့ ထင်ရသည် - လု၊၁၈း၂-၆။
D. ပုံဥပမာထဲရှိ မုဆိုးမသည် မဖြောင့်မတ်သော တရားသူကြီးထံ အစဉ်လာမြဲလာနေပြီး၊ သူမ၏ရန်ဘက်ကို လက်စားချေပေးရန် အစဉ် တောင်းဆိုခဲ့သည်။ ကျွန်ုပ်တို့သည် ဤလက်စားချေခြင်းအတွက် မဆုတ်မနစ်ဇွဲလုံ့လရှိစွာ ဆုတောင်းရမည်ဖြစ်ပြီး၊ စိတ်ပျက်သွားခြင်း မရှိသင့်ပေ - အငယ်၊၁၊ ၃။
   1. ကျွန်ုပ်တို့၏ခင်ပွန်းသည် မရှိဘဲဖြစ်နေပြီး၊ ကျွန်ုပ်တို့သည် မြေကြီးပေါ်မှုဆိုးမကဲ့သို့ ကျန်ရစ်ခဲ့ကြစဉ်၊ ယာယီအနေဖြင့် ကျွန်ုပ်တို့၏ဘုရားသခင်သည် မဖြောင့်မတ်သောတရားသူကြီး ဖြစ်နေသည်ဟု ထင်ရသည် - အငယ်၊၆။
   2. ကိုယ်တော်သည် မဖြောင့်မတ်သကဲ့သို့ ထင်ရသော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်ထံ အသနားခံတောင်းလျှောက်နေမြဲပြုကာ၊ ဇွဲလုံ့လရှိစွာ ဆုတောင်းခြင်း၍၊ ကိုယ်တော်ကို အကြိမ်ကြိမ်အဖန်ဖန် နှောင့်ယှက်ရမည်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် "နေ့ညမပြတ် အော်ဟစ်သော"သူများဖြစ်သည့် ကိုယ်တော်၏ရွေးချယ်ခံလူများအဖို့ လက်စားချေခြင်းကို အလျင်အမြန် ပြုနိုင်မည်ဖြစ်သည် - အငယ်၊၇-၈က။
E. ဗျာဒိတ် ၈း၅ သည် ၆း၉-၁၁ နှင့် လုကာ ၁၈း၇-၈ ကို အဖြေပေးခြင်းအား ရည်ညွှန်းသည်။
   1. ဗျာဒိတ် ၈း၃-၄ ရှိ သန့်ရှင်းသူများ၏ ဆုတောင်းချက်များသည် ဘုရားသခင်၏စီမံကိန်းကို ဆန့်ကျင်သော မြေကြီးကို တရားစီရင်ခြင်းအတွက် ဖြစ်ရမည်ဖြစ်သည်။
   2. မြေကြီးပေါ်သို့ ဘုရားသခင်၏တရားစီရင်ခြင်း - မြေကြီးသို့ မီးကိုချလိုက်ခြင်း - သည် နံ့သာပေါင်းဖြစ်သော ခရစ်တော်နှင့်အတူ သန့်ရှင်းသူများ၏ ဆုတောင်းချက်များကို အဖြေပေးခြင်းဖြစ်သည် - အငယ်၊၃-၅။
F. "လူသားသည် ကြွလာသောအခါ၊ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လော" - လု၊၁၈း၈ခ။
   1. တိုက်ရိုက်အနက်ဖြင့် ဂရိစကားလုံးမှာ "ယုံကြည်ခြင်း" သည် "ထိုယုံကြည်ခြင်း"ကို ဆိုလိုသည်၊ ဤသည်မှာ မုဆိုးမ၏ ယုံကြည်ခြင်းကဲ့သို့ ကျွန်ုပ်တို့၏ မဆုတ်မနစ်ဇွဲရှိသော ဆုတောင်းခြင်းအတွက် မဆုတ်မနစ်ဇွဲရှိသော ယုံကြည်ခြင်းကို ရည်ညွှန်းသည်။
   2. ကျွန်ုပ်တို့ကယ်တင်ခြင်းခံရသည့် ယုံကြည်ခြင်းသည် ယုံကြည်ခြင်း၏ အစပြုအဆင့်ဖြစ်သည်။ ခရစ်တော်နှင့်အတူ အသက်ပေါင်းစည်းခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည့် ယုံကြည်ခြင်းမှာ ချိတ်ဆက်ပေးသောယုံကြည်ခြင်း - ကျွန်ုပ်တို့က သုံးပါးတစ်ပါးဘုရားကို စဉ်ဆက်မပြတ် ဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာ၍ ကျွန်ုပ်

တို့အား ဘုရားသခင်၏ သားတော်ကို အသက်ရှင်ခြင်းရှိစေသည့် ယုံကြည်ခြင်း ဖြစ်သည် - ရော၊၁း၁၇။ ဂလ၊၂း၂၀။ ယော၊၁၄း၁၉။

3. ချိတ်ဆက်ပေးသောယုံကြည်ခြင်းသည် အောင်မြင်သောသူများက ကိုယ်တော်၏အောင်နိုင်သော ပြန်ကြွလာခြင်း၌ ခရစ်တော်ကို တွေ့ဆုံရန်အတွက် ဘုရားဆိုင်ရာ တောင်းဆိုချက်ဖြစ်သည် - လု၊၁၈း၈ခ။
    a. ချိတ်ဆက်ပေးသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများသို့ ချိတ်ဆက်ပေးရန် ကျွန်ုပ်တို့၌ လှုပ်ရှားလုပ်ဆောင်နေသည့် သုံးပါးတစ်ပါးဘုရားဖြစ်သည် - ဧ၊၃း၈။
    b. ချိတ်ဆက်ပေးသော ယုံကြည်ခြင်းသည် မိမိတို့ကိုယ်တိုင်၌ မည်သည့်ကိုးစားမှုမျှမရှိသော ယုံကြည်သူများ၏ ယုံကြည်ခြင်းဖြစ်သည်။ သူတို့၏ကိုးစားမှုမှာ ဘုရားသခင်၌ဖြစ်သည် - ၂ကော၊၁း၉။
    c. သခင်ယေရှုပြန်ကြွလာသောအခါ ကိုယ်တော်သည် ချိတ်ဆက်ပေးသော ယုံကြည်ခြင်းအားဖြင့် အသက်ရှင်နေကြသည့် အောင်မြင်သူအရေအတွက်များစွာကို တွေ့ရှိရလိမ့်မည်ဖြစ်ပြီး၊ သူတို့ကို ကိုယ်တော်စိုးစံသည့် အနှစ်တစ်ထောင်၌ ကိုယ်တော်၏နိုင်ငံတော်အတွက် အဖိုးတန်ရတနာများအဖြစ် မှတ်ယူတော်မူလိမ့်မည်ဖြစ်သည် - လု၊၁၈း၈ခ။ ဗျာ၊၂၀း၄၊ ၆။

© 2022 Living Stream Ministry